EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၉ | လစဉ်သတင်းလွှာ | ဖေဖော်ဝါရီ ၁၂ ရက်၊ ၂၀၂၀

## Leadership

# အမျိုးသမီးများကိုလည်း နိုင်ငံ့ခေါင်းဆောင်များ အဖြစ် ပါဝင်ခွင့်ပေးပါ

**ဇန်နဝါရီ ၁၇၊ ၂၀၂၀**

အမျိုးသမီးများသည် အမျိုးသားများထက် နိုင်ငံတော်တာဝန်ကို ပိုပြီးထမ်းဆောင်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ ဖြစ်ကြသည်ဟု အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။

၎င်းက "အမျိုးသမီးတွေက ပြီးပြည့်စုံမနေပါဘူး။ ဒါပေမယ့် အမျိုးသားတွေထက် တော်တယ်ဆိုတာကတော့ မငြင်းနိုင်ဘူး"ဟု ပြောဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဇန်နဝါရီလတွင် ရေးသား ထားသည်။

ထိုစကားက အမျိုးသမီးများ၏အရည်အချင်းကို အသိအမှတ်ပြုပြီး အမျိုးသမီးများကို နိုင်ငံ့ခေါင်းဆောင်နေရာများ ပိုမိုပေးအပ်ရန် တိုက်တွန်းလိုသည့် သဘောဆောင်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေသည့် အမျိုးသမီးခေါင်းဆောင် ဘယ်လောက်များများ ရှိနေပါပြီလဲ။ ကမ္ဘာ့နိုင်ငံများတွင် သမ္မတနှင့်ဝန်ကြီးချုပ် တာဝန်ယူထားသည့် အမျိုးသမီးခေါင်းဆောင် ၂၁ ဦး၏ အမည်များနှင့် တာဝန်



ဓာတ်ပုံ-https://www.saba.com




ဓာတ်ပုံ - AFP

ယူထားသည့်ရာထူးများကို AFP သတင်းဌာနက ၂၀၁၉ နှစ်ကုန်ပိုင်းက ဖော်ပြခဲ့သည်။ ထိုအထဲတွင် မြန်မာနိုင်ငံမှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ထည့်သွင်းဖော်ပြထားသည်။

၂၀၁၉ နှစ်ကုန်ပိုင်းမှာပဲ ဖင်လန်နိုင်ငံက အသက် (၃၄) နှစ်အရွယ် အမျိုးသမီး ဆန်နာမာရင်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ထိုအမျိုးသမီးသည် ကမ္ဘာ့အသက်အငယ်ဆုံး ဝန်ကြီးချုပ်လည်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ထိုသို့ အမျိုးသမီးများကို နိုင်ငံ့ခေါင်းဆောင်များအဖြစ် နေရာပေးမှုတွင် စိန်ခေါ်မှုများနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ခေါင်းဆောင်မှုကဏ္ဍ၌ အမျိုးသမီးများ ပိုမိုပါဝင်ခွင့်ရရှိရေးသည်လည်း အရေးကြီးသည့်ကိစ္စတစ်ခုဖြစ်သည်။ ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးများစွာရှိသော်လည်း ခေါင်းဆောင်ပိုင်းတွင် နေရာပေးအပ်မှု ရှားပါးလှသည်။ လွှတ်တော်ထဲတွင်၊ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးပါဝင်မှုက နည်းပါးနေဆဲဖြစ်သည်။

အမေရိကန် အရန်ကာကွယ်ရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယဗိုလ်မှူးကြီးရာထူးဖြင့် အငြိမ်းစားယူခဲ့သူ ဒေါ်မီမီဝင်းဘတ်က "မြန်မာနိုင်ငံရှေ့သွားဖို့အတွက် ခုချိန်မှာ အားလုံးလက်စုံလိုအပ်နေပြီ။ မြန်မာနိုင်ငံမှာ ပင်ကိုယ်စွမ်းရည်(Talent)တွေ အများကြီးရှိတယ်။ အမျိုးသမီးနဲ့အမျိုးသား လက်တွဲပြီးလုပ်ရင် မြန်မာနိုင်ငံ အများကြီးအောင်မြင်နိုင်တယ်"ဟု မီဒီယာအင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

လေ့လာချက်များအရ အဖွဲ့အစည်းတစ်ခု ပိုပြီးအောင်မြင်စေချင်လျှင် အမျိုးသမီးများပါဝင်ဖို့လိုအပ်ပြီး အမျိုးသမီးများပါဝင်သည့်အခါ ကျား-မ တန်းတူညီမျှမှုနည်းလမ်းဖြင့် စွမ်းဆောင်ရည် ကောင်းမွန်သည့်အဖွဲ့အစည်းဖြစ်လာသည်ကို တွေ့ရသည်ဟုဆိုသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း အမျိုးသားများနည်းတူ အမျိုးသမီးများကို ကန့်သတ်ချက်မထားဘဲ ခေါင်းဆောင်မှုကဏ္ဍတွင် နေရာများပေးအပ်ဖို့ လိုအပ်သည်။ နိုင်ငံလူဦးရေ၏ တဝက်ကျော်ရှိသည့် မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများကို နိုင်ငံခေါင်းဆောင်များအဖြစ် ပါဝင်ခွင့်ပေးပြီး အပြောင်းအလဲကိုစတင်ဖို့ အချိန်ကျရောက်လာပြီဖြစ်သည်။

အိုဘားမားက "ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းမှာ အမျိုးသမီးများ စီမံကွပ်ကဲမယ်ဆိုရင် နှစ်နှစ်တာကာလအတွင်း လူနေမှုအဆင့်အတန်းနဲ့ ရလဒ်တွေအားလုံး သိသိသာသာ တိုးတက်မှုတွေ မြင်တွေ့ရလိမ့်မယ်လို့ ကျွန်တော် လုံးဝယုံကြည်တယ်"ဟုဆိုသည်။

**ရွှေလေး**

ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

# Knowledge MarketPlace 2020 တွင် အဖွဲ့အစည်းပေါင်း (၄၅) ဖွဲ့ ပါဝင်ပြသ



ဓာတ်ပုံ- ရွှေလေး

**ဇန်နဝါရီ ၂၉၊ ၂၀၂၀**

Canada's International Development Research Centre (IDRC) မှ စီစဉ်ကျင်းပသည့် Knowledge MarketPlace 2020 အစီအစဉ်တွင် အဖွဲ့အစည်းပေါင်း (၄၅) ဖွဲ့ ပါဝင်ခဲ့သည်ဟု သိရသည်။ ယင်း Knowledge MarketPlace 2020 ကို ဇန်နဝါရီလ (၂၈) ရက်နေ့က မန္တလေးတက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

IDRC မှ မြန်မာပြည်တာဝန်ခံ ကိုပက်ထရစ်က "Knowledge MarketPlace ကို တစ်နေရာထဲမှာ ဗဟုသုတတွေကို အများကြီးရစေချင်တဲ့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ မန္တလေးမှာ ဒါပထမဆုံးအကြိမ်လုပ်တာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ဖြစ်မြောက်အောင် လုပ်ခွင့်ပေးတဲ့ မန္တလေးတက္ကသိုလ်နဲ့ ပါဝင်ပေးကြတဲ့ အဖွဲ့အစည်းတွေ၊ စိတ်ဝင်တစားလာရောက်လေ့လာကြတဲ့ ကျောင်းသားလူငယ်တွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်"ဟုဆိုသည်။

ယင်းအဖွဲ့အစည်း (၄၅) ဖွဲ့တွင် မန္တလေးနှင့်ရန်ကုန်မှ CSO များ၊ Think Thank များ၊ သုတေသနအဖွဲ့အစည်းများ၊ INGOနှင့် NGO များပါဝင်သည်ဟု သိရသည်။

Knowledge MarketPlace သည် အဖွဲ့အစည်းများ၏ သုတေသနစာတမ်းများနှင့် ၎င်းတို့၏လုပ်ဆောင်ချက်များကို ခင်းကျင်းပြသပြီး ဗဟုသုတများဝေမျှသည့် အစီအစဉ်တစ်ခုဖြစ်သည်။ ယင်း Knowledge MarketPlace 2020 ကို ဩစတြေးလျမြန်မာ အင်စတီကျု (Australia Myanmar Institute-AMI) နှင့် Myanmar Institute of Strategic and International Studies တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များဆီသို့ တိုးတက်မှုကွန်ဖရင့် ၂၀၂၀ ၏ အစိတ်အပိုင်းတစ်ခုနှင့် ကျင်းပခြင်းဖြစ်သည်။ **ရွှေလေး**

## အာဆီယံဒေသတွင်း လွှတ်တော်ထဲ အမျိုးသမီးပါဝင်မှု မြန်မာက ဒုတိယအနည်းဆုံးဖြစ်နေ

**ဇန်နဝါရီ ၂၊ ၂၀၂၀**

အာဆီယံဒေသတွင်း လွှတ်တော်ထဲ အမျိုးသမီးပါဝင်မှုတွင် မြန်မာနိုင်ငံက ဒုတိယ အနည်းဆုံးနိုင်ငံအဖြစ် ရှိနေသည်ဟု ဆွစ်ဇာလန်အခြေစိုက် International Parliamentary Union (IPU) ၏ ၂၀၁၉ စစ်တမ်းအရ သိရသည်။

အာဆီယံဒေသတွင်းနိုင်ငံများ၏ လွှတ်တော်ထဲတွင် အမျိုးသမီးပါဝင်သည့် ရာခိုင်နှုန်း လေ့လာချက်စစ်တမ်းအရ မြန်မာနိုင်ငံက ၁၁.၅ ရာခိုင်နှုန်းဖြင့် ဒေသတွင်းမှာ ဒုတိယအနည်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။ ဘရူနိုင်းနိုင်ငံက ၉ ရာခိုင်နှုန်းဖြင့် ဒေသတွင်း အနည်းဆုံးရှိနေသည့် နိုင်ငံဖြစ်သည်။ အာဆီယံဒေသတွင်းတွင် လွှတ်တော်ထဲအမျိုးသမီးပါဝင်မှု အများဆုံးနိုင်ငံကတော့ ဖိလစ်ပိုင်နိုင်ငံဖြစ်ပြီး ၂၈ ရာခိုင်နှုန်းဖြစ်သည်။ လာအိုနိုင်ငံက ၂၇.၅ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံက ၂၆.၇ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံက ၂၃ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉.၂ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံက ၁၇.၃ ရာခိုင်နှုန်း၊ မလေးရှားက ၁၄.၄ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံက ၁၄.၂ ရာခိုင်နှုန်း တို့ရှိကြသည်။

IPU၏ ၂၀၁၉ စစ်တမ်းအရ တစ်ကမ္ဘာလုံးရှိ လွှတ်တော်တွင်း အမျိုးသမီးပါဝင်မှုသည် ၂၄.၅ ရာခိုင်နှုန်းရှိပြီး အမျိုးသားပါဝင်မှုကတော့ ၇၅.၅ ရာခိုင်နှုန်းရှိသည်။ IPU သည် ၁၈၈၉ ခုနှစ်က ပါလီမန်သံတမန်ရေးနှင့် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် ပါလီမန်အမတ်များ၏ အဖွဲ့ငယ်တစ်ခုအနေဖြင့်စတင်ခဲ့ပြီး ယခုချိန်တွင် နိုင်ငံတော်လွှတ်တော်များ၏ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သည်။ **ရွှေလေး**


ဓာတ်ပုံ- စည်သူ

# ကျား-မတန်းတူညီမျှရေး ကွန်ရက်မှ ဒေါ်မေစံပယ်ဖြူ ကုလသမဂ္ဂ၏ N-Peace Award ရရှိ

**ဇန်နဝါရီ ၈၊ ၂၀၂၀**

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) ၏ ယခုနှစ်အတွက် ပေးအပ်သည့် N-Peace Award ဆုကို ကျား-မ တန်းတူညီမျှရေးကွန်ရက်မှ ဒါရိုက်တာ ဒေါ်မေစံပယ်ဖြူက ရရှိခဲ့သည်။

N-Peace Award သည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအစဉ်ကို အကောင်အထည်ဖော်သည့်ဒေသတွင်းရှိ ငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအား အသိအမှတ်ပြုပေးအပ်သည့်ဆုဖြစ်သည်။ ကျား-မ တန်းတူညီမျှရေးအတွက် နှစ်ပေါင်းများစွာ တက်ကြွလှုပ်ရှားခဲ့သူ ဒေါ်မေစံပယ်ဖြူကို မြန်မာနိုင်ငံက အမျိုးသမီးများ၏တိုးတက်မှုအတွက် ကဏ္ဍပေါင်းစုံမှ ချဉ်းကပ်လုပ်ဆောင်မှုကို အသိအမှတ်ပြုသည့်အနေနှင့် ချီးမြှင့်ခြင်းဖြစ်သည်ဟု UNDP က ဖော်ပြထားသည်။ "သူသည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် ကာလကြာရှည်စွာ လုပ်ဆောင်ခဲ့ခြင်းနှင့် ကျား-မ တန်းတူညီမျှမှု အပြည့်အဝရရှိရေးအတွက် အဟန့်အတားဖြစ်နေသည့် ဥပဒေများ၊ မူဝါဒများ၊ ယဉ်ကျေးမှုနှင့် လူမှုစံနှုန်းများကို ဖြေရှင်းရန် စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့သည်"ဟု UNDP က ဖော်ပြထားသည်။

ယခုနှစ်အတွက် ဒေသတွင်းမှ N-Peace Award ရရှိသူ (၁၁) ဦး ရှိခဲ့သည်။ ဆုရရှိသူများတွင် အာဖဂန်နစ္စတန်၊ အင်ဒိုနီးရှား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် သီရိလင်္ကာမှ သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများ၊ ကမ်းပိန်းသမားများနှင့် စည်းရုံးလှုံ့ဆော်သူများပါဝင်သည်။

**(ကိုးကား: www.asia-pacific.undp.org)**

# ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများ စတင်ထည့်သွင်း ယှဉ်ပြိုင်စေမည်ဟု PNO ပါတီဆို

**ဇန်နဝါရီ ၁၀၊ ၂၀၂၀**

ယခင်ရွေးကောက်ပွဲတုန်းက အမျိုးသမီးကိုယ်စားလှယ်လောင်းများ ထည့်သွင်းယှဉ်ပြိုင်ခြင်းမရှိခဲ့သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (PNO) သည် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်များကို ထည့်သွင်းယှဉ်ပြိုင် စေမည်ဟု သိရသည်။

အမျိုးသမီးများလည်း တန်းတူအခွင့်အရေးရှိသည်ကိုပြသရန်နှင့် အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာစေရန်ရည်ရွယ်၍ ယင်းသို့ ထည့်သွင်းယှဉ်ပြိုင်ရန် ပါတီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ(PNO)မှ တာဝန်ရှိသူတစ်ဦးက ဆဲဗင်းဒေးသတင်းစာကို ဖြေကြားထားသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း အနည်းဆုံး ၁၀ ရာခိုင်နှုန်း ထည့်သွင်းယှဉ်ပြိုင်မည်ဟု သိရသည်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (PNO) သည် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားကိုယ်စားလှယ်လောင်းများဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ယခင်က အမျိုးသမီးကိုယ်စားလှယ်လောင်းများ အဆင်သင့်မရှိခဲ့၍ ထည့်သွင်းမယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပါဝင်ယှဉ်ပြိုင်ရန် အမျိုးသမီးကိုယ်စားလှယ်လောင်းများလည်း အဆင်သင့်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

အခြားတိုင်းရင်းသားပါတီများဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၊ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (CNLD) တို့ကလည်း လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပို၍ဦးစားပေးကာ ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းမီဒီယာများကို ဖြေကြားထားသည်။ (၎င်းသတင်းကို ဇန်နဝါရီလထုတ် 'မေ့အသံ' သတင်းလွှာတွင် ဖတ်ရှုနိုင်သည်။)

**(ကိုးကား:- 7Day News)**

# မြန်မာအမျိုးသမီးစီးပွားရေးဆိုင်ရာအရာရှိချုပ်အား CMO Asia ၏ အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာ ထူးချွန်ဆုပေးအပ်



ဓာတ်ပုံ-Telenor Myanmar

**ဇန်နဝါရီ ၁၃၊ ၂၀၂၀**

တယ်လီနောမြန်မာ၏ စီးပွားရေးဆိုင်ရာအရာရှိချုပ် ကယ်ရိုလိုင်း ယဉ်ယဉ်ဌေးသည် ဇန်နဝါရီ ၁၀ ရက်၊ ၂၀၂၀ ခုနှစ် ဘန်ကောက်မြို့တွင်ကျင်းပခဲ့သည့် CMO Asia Awards 2020 ၏ အမျိုးသမီးခေါင်းဆောင်မှုပိုင်းဆိုင်ရာထူးချွန်ဆုကို လက်ခံရရှိခဲ့သည်။

CMO Asia သည် မတူကွဲပြားသည့် စီးပွားရေးကဏ္ဍပေါင်းစုံမှ ထူးခြားကောင်းမွန်သည့် စွမ်းဆောင်မှုများအတွက် အသိအမှတ်ပြု ချီးမြှင့်ခြင်းဖြစ်ပြီး အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာဆုများသည် ၂၀၂၀ ခုနှစ်တွင် ၂၈ ကြိမ်မြောက် ကျင်းပသွားမည့် World HRD Congress ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟု သိရသည်။

တယ်လီနောမြန်မာ၏ စီးပွားရေးဆိုင်ရာအရာရှိချုပ် ကယ်ရိုလိုင်း ယဉ်ယဉ်ဌေးက "CMO Asia လို ဂုဏ်သိက္ခာရှိတဲ့အဖွဲ့အစည်းတစ်ခုကနေ ခေါင်းဆောင်တစ်ယောက်အနေ နဲ့ ရော အမျိုးသမီးတစ်ယောက်အနေနဲ့ပါ အသိအမှတ်ပြုခံရတဲ့အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းသာမိပါတယ်။ ဒီဆုက စီးပွားရေးနယ်ပယ်မှာ နေရာတစ်နေရာရဖို့ ကြိုးစားနေကြတဲ့ အမျိုးသမီးခေါင်းဆောင်တွေကို ဆက်လက်မြေတောင်မြှောက်ပေးဖို့ ကျွန်မကို ခွန်အားတွေပေးပါတယ်"ဟု ပြောကြားခဲ့သည်။

CMO Asia ၏ ပဏာမရွေးချယ်ခံရသူများကို ကမ္ဘာတစ်ဝန်းမှ ဝါရင့်ခေါင်းဆောင်များ၊ သုတေသနပညာရှင်များနှင့် ပညာရှင်များ ပါဝင်သည့်အဖွဲ့မှ စိစစ်ရွေးချယ်ခြင်းဖြစ်သည်။ ရွေးချယ်မှု စည်းကမ်း၊ စည်းမျဉ်းများတွင် ပဏာမ ရွေးချယ်ခံရသူများ၏ လွှမ်းမိုးနိုင်စွမ်း၊ မြေတောင်မြှောက်ပေးနိုင်စွမ်း၊ လူမှုရေးဆိုင်ရာ အပြောင်းအလဲများကို ဦးဆောင်နိုင်စွမ်းနှင့် ခေါင်းဆောင်ကောင်းအဖြစ် ကာလရှည်ကြာ စဉ်ဆက်မပြတ် တည်ဆောက်ထားနိုင်ခြင်းစသည့် အချက်အလက်များကို အဓိကထားစဉ်းစားကာ ထူးချွန်ဆုများပေးအပ်ခြင်းဖြစ်သည်ဟု သိရသည်။

**ရွှေလေး**

# ကူကီးအမျိုးသမီးများအပေါ် ကျား-မရေးရာ ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး လုပ်ဆောင်ပေးရန် တောင်းဆို

**ဇန်နဝါရီ ၉၊ ၂၀၂၀**

ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများအရ ကူကီးအမျိုးသမီးများသည် ယနေ့ထိ အမျိုးသမီးအခွင့်အရေးများ အပြည့်အဝမရရှိဘဲ ကျား-မ တန်းတူညီမျှရေးနှင့်ပတ်သက်လျှင် ခွဲခြားဆက်ဆံခံနေရသည်ဟု ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး၏ နှစ်၂၀ ပြည့် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုသို့ခွဲခြားဆက်ဆံမှုများပပျောက်ရန် အမျိုးသမီးထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရန်နှင့် အစိုးရဖက်မှလည်း ပံ့ပိုးကူညီပေးရန် ထုတ်ပြန်ကြေညာချက်တွင် တောင်းဆိုထားသည်။ အခြားတောင်းဆိုချက်များဖြစ်သည့် ကူကီးစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ သဘောထားထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ယနေ့ထိ အကောင်အထည်မဖော်သေးသည့် ကူကီးအမျိုးသမီးများခေါင်းဆောင်မှု အခန်းကဏ္ဍတွင် (၃၀%) ပါဝင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ မူးယစ်ဆေးဝါးကြောင့် အမျိုးသားလူငယ်များအပြင် အမျိုးသမီးများလည်း မူးယစ်ကျေးကျွန်ဘဝရောက်နေကြသည့်အတွက် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေသူများကို သက်ဆိုင်ရာကျေးရွာများအလိုက် အမျိုးသမီးများနှင့်ပူးပေါင်းကာ အမြန်ဆုံးတိုက်ဖျက်ရန်၊ အမျိုးသမီးများအတွက် ကိုယ်ပိုင်ဝင်ငွေရရှိရန် သက်ဆိုင်ရာမှစျေးကွက်များ ဖော်ဆောင်ပေးရန်စသည့်အချက်များ တောင်းဆိုထားသည်။

ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး၏ အမျိုးသမီးများနှီးနှောဖလှယ်ပွဲနှင့် နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နှင့် (၉) ရက်နေ့တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ကျွန်းပင်သာကျေးရွာတွင် ပြုလုပ်ခဲ့သည်။ ၎င်းနှီးနှောဖလှယ်ပွဲကို ကျေးရွာပေါင်း(၂၇)ရွာမှ အမျိုးသမီးဦးရေ (၃၀၀) ကျော် တက်ရောက်ခဲ့သည်။ နှီးနှောဖလှယ်ပွဲတွင် ၁) အမျိုးသမီးများ အသက်မွေးဝမ်းကြောင်းနှင့် ဝင်ငွေအခွင့်အလမ်း၊ ၂) အမျိုးသမီးများအပေါ်မူးယစ်ဆေးဝါးဆိုးကျိုးသက်ရောက်မှုအခြေအနေ၊ ၃) ကူကီးအမျိုးသမီးများ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်မှုနှင့် စိန်ခေါ်မှုများ၊ ၄) ကူကီးဓလေ့ထုံးတမ်းယဉ်ကျေးမှုအရ အမျိုးသမီးများ ကြုံတွေ့ရသည့်အခြေအနေစသည့် ခေါင်းစဉ် (၄) ခုဖြင့် ဆွေးနွေးခဲ့ကြသည်။

**ရွှေလေး**



ဓာတ်ပုံ-https://www.washingtonexaminer.com/

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"ကျား-မတန်းတူရေးဆိုတာ လူသားတစ်ဦးချင်းစီရဲ့ တိုက်ပွဲဖြစ်တယ်၊ အမျိုးသမီးတစ်ဦးရဲ့ တိုက်ပွဲမဟုတ်ဘူး"

------ Freida Pinto (Indian Actress & Activist)

# အနုပညာနှင့် သုတေသနပေါင်းစပ်ခြင်း အနှစ်သာရ

**ဒီဇင်ဘာ ၁၈၊ ၂၀၁၉**




ဓာတ်ပုံ- စည်သူ

အနုပညာနှင့်သုတေသနတို့ ပေါင်းစပ်ခြင်းနှင့် ယင်းပေါင်းစပ်ခြင်း၏ အနှစ်သာရကို ဝေမျှထားသည့် "အနုသုတေသန အနုပညာ နှင့် သုတေသန ပေါင်းစပ်ရာဝယ်" စာအုပ်ကိုပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ၂၀၁၉၊ ဒီဇင်ဘာလတွင် ထုတ်ဝေလိုက်သည်။ အနုပညာနှင့်သုတေသနနယ်ပယ်မှ အမျိုးသမီးနှင့် အမျိုးသား ဆောင်းပါးရှင် (၈) ဦးတို့၏ ဆောင်းပါးများကို ယင်းစာအုပ်တွင် ဖတ်ရှုနိုင်သည်။

သုတေ သနလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အနုပညာက ရသမြောက်စွာပါဝင်နေနိုင်ခြင်းနှင့် အနုပညာသည်များနှင့် ၎င်းတို့ဖန်တီးထားသည့်အနုပညာပုံစံများတွင် သုတေသနသည်လည်း နက်နဲစွာပါဝင်နေကြောင်းကို ဤစာအုပ်မှတစ်ဆင့် သိရှိနိုင်သည်။

ဆောင်းပါးရှင် ဆရာမဖြူမွန်၏ "မျှော်လင့်ခြင်း အချက်အလက်များ" ဆောင်းပါးတွင် အနုပညာနှင့်သုတေသနပေါင်းစပ်၍ ဖန်တီးခဲ့သော အနုပညာလက်ရာတစ်ခုအကြောင်းကို ယခုလို ရေးသားထားသည်။ "မြန်မာပြည်အတွင်း အမျိုးသမီးများ မိမိတို့၏အရည်အချင်းဉာဏ်ပညာကို အိမ်၏ပြင်ပ ကျယ်ပြန့်သောလူမှုဝန်းကျင်တွင် အသုံးချပိုင်ခွင့်ရှိသည်ကို ကျွန်မဖော်ထုတ်လိုသဖြင့် ကျွန်မအနေဖြင့် ရှေးရိုးစလေ့လွှမ်းမိုးမှုအနေအထားကို လေ့လာရပါသည်။ "သားကိုသခင် လင်ကိုဘုရား" ဟူသော အစဉ်အလာအောက်တွင် မိန်းမသားတို့၏ အရည်အချင်း အသိဉာဏ်ပညာများ အဟောသိကံမဖြစ်နိုင်စေရန် ကျွန်မတွေ့ရှိရသည့် မိန်းမသားတို့၏ အနေအထားကို The Polite Wave အမည်ရှိ အနုပညာလက်ရာများတွင် ထည့်သွင်းပြသခဲ့ပါသည်။" ဟု ရေးသားထားသည်။

ဆောင်းပါးရှင် ဆရာမစံပယ်ဖြူနု၏ ဆောင်းပါးတွင် ၎င်း၏ "မြောက်ဖျားကအလွမ်းရာသီ" ဝတ္ထုရှည်ထဲက အဓိကဇာတ်ကောင်တစ်ဦးဖြစ်သည့် 'နူးမိုင်' သည် ၎င်းသွားခဲ့သည့် သုတေသနခရီးမှဖြစ်တည်လာသည့် ဇာတ်ကောင်တစ်ခုဖြစ်ကြောင်း ရေးသားထားသည်။ "နူးမိုင်သည် လေ့လာရေးခရီးမှာတွေ့ခဲ့သော တောင်ကြောထိပ်တဲအိမ်လေးနံဘေး ကွပ်ပျစ်ပေါ်က အမျိုးသမီးကို ကိုယ်ပွားဖန်တီးယူခဲ့သော ဇာတ်ကောင်ဖြစ်၏" ဟု ရေးသားထားသည်။ ဤသို့ဖြင့် ဆောင်းပါးရှင်များသည် အနုပညာနှင့် သုတေသန ပေါင်းစပ်ဖြစ်တည်လာသည့် ၎င်းတို့၏ အနုသုတေသနဆိုင်ရာ ဖန်တီးမှုများနှင့် ၎င်းတို့၏အနှစ်သာရများအကြောင်းကို ရေးသားထားသည်။

စာအုပ်၏အမှာစာတွင် အနုသုတေသန၏အနှစ်သာရကို အတိုင်းအတာတစ်ခုအထိ ရရှိခံစားနားလည်စေရန် အထောက်အကူပြုမည်ဟု မျှော်လင့်မိကြောင်း ရေးသားထားသည်။ ယင်းစာအုပ်ကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ဦးဆောင်ကျင်းပခဲ့သည့် 'အနုသုတေသနပွဲတော်' တွင် အခမဲ့ ဖြန့်ဝေခဲ့သည်။ **ရွှေလေး**